
နဂရသိင်္ဂ နဂါးပြည်
လျှို့ဝှက်လူ

# နဂရသိင်္ဂီ နဂါးပြည်

ဧရာဝတီတိုင်း ဒေသကြီး အတွင်းမှ မော်တင်စွန်း ဘုရားပွဲ အချိန်ကာလ ဖြစ်လေသည် ။ တပေါင်းတကူး အခါသမယ ဖြစ်ပြီး လူများလွန်စွာ စည်ကား လှသော်လည်း မည်မျှလူများ လာပါစေ မော်တင်စွန်းစေ တီ မှာ လူကျပ်သည် ဟူ၍ မရှိပါခေ်။ ယနေ့သည် လည်းဘုရားပွဲတော်၏ စည်ကား လှသော နေ့တစ်နေ့ ဖြစ်လေသည် ။

``မြတ်ဆုပန် စက်လှေစီးရတာ ရင်တုန်ဖို့ ကောင်းတယ်နော်…´´

``သင်္ဘောငယ်လေးတွေ ပါဟဲ့ စက်လှေ မဟုတ်ပါဘူး။ ပြီးတော့နင်ပဲ ကားနဲ့ မသွားချင်ဘူး ရေလမ်းကနေ ပြီးမှ ကားပြန်စီးမယ် ပြောပြီးတော့…´´

ဘုရာဖူးခရီး ထွက်လာခဲ့ကြသည့် လူငယ် တစ်စုသည် ကား မော်တင်စွန်း စေတီ အရောက်တွင် တစ်ယောက်နှင့် တစ်ယောက် ပြောဆိုနေကြခြင်း ဖြစ်လေသည် ။ သူတို့ သည် အဖွဲ့လိုက် လာခဲ့ကြသည် ဖြစ်လေပြီး လွန်စွာ ခင်မင်ကြသည့် သူငယ်ချင်းများ သာ ပေါင်းစု လာခဲ့ကြသည် ဖြစ်သောကြောင့် ပျော်ရွှင်ဖွယ်ရာ ဘုရားဖူး ခရီးတစ်ခု ဖြစ်သည် ။

``ဟိုင်းကြီးကျွန်း သွားရင် ငါမလိုက်တော့ဘူးနော်...´´

ယောကျ်ားလေးထဲမှ တစ်ဦးက ပြောလိုက်တာ ဖြစ်လေသည် ။

`` သက်ထံနော် နင်က ဘာလို့ မလိုက်ရမှာ လဲ...´´

မြတ်ဆုပန် ဆိုသော မိန်းကလေးကပင် မေးလိုက် လေသည် ။

`` ဟိုင်းကြီးကျွန်း သွားပြီး ဟိုင်းမှာ စိုးလို့ ဟ...´´

``ဟယ် ကောင်စုတ် တကယ် မှတ်လို့ ...´´

တဟားဟားဖြင့် အဖွဲ့ကျသွားသည့် လူငါးဦး သည် ကား ဤခရီး လွန်စွာမှ ပင် ပျော်ရွှင်ဖွယ်ရာ ကောင်းနေ လေတော့၏။

ထိုလူငယ်များမှာ သက်ထံ၊ ဇော်လင်း၊ မြတ်ဆုပန်၊ မေနှင်း၊ ရွှေရည်စသည် တို့ ဖြစ်လေသည် ။

`` နင်တို့ ကြားဖူးကြသလား တကယ် ဟုတ်မဟုတ် မသိပေမဲ့ ဟိုင်းကြီးကျွန်းရဲ့ ရာဇဝင်နဲ့ တဘောင်ကို...´´

ရွှေရည်က မေးလိုက်သော အခါမှာ တော့ မြတ်ဆုပန်ကပင်။

`` သိတာပေ့ါ နင်ပြောတာက ဟိုင်းကြီး တောင်အောက် ခွေးတစ်ထောင် နဂရသိင်္ဂီမြို့ ပြန်တည်သည် မဟုတ်လား...´´

``ဟုတ်တယ် မြတ်ဆုပန် တချို့က ကြတော့ ဟိုင်းကြီးကျွန်းတောင်ခွေးတစ်ဟောင် ပြောကြတယ်...´´

ငြိမ်သက်နေသော မေနှင်းက ဝင်ပြောလိုက်တာ ဖြစ်ပြီး ယောကျ်ားလေး နှစ်ဦးမှာ တော့ မိန်းကလေးများ ပြောနေ ကြသည် ကို ကြည့်ပြီး သူတို့ အချင်းချင်း ပခုံး တွန့်ပြ လိုက်ကြ လေတော့သည် ။ အကြောင်းမှ ထိုအရာများကို သူတို့ မသိသောကြောင့် ပင်။

***

ငွေတောင် ကမ်းခြေ ...။ ငွေဆောင် ချောင်းသာတို့ ပမာပင် လှပအောင် ပြင်ဆင်ထားသည့် ကမ်းခြေ တစ်ခုပင် ဖြစ်လေသည်။ မော်တင်စွန်းမှ တစ်ဆယ့် ငါးမိနစ်ခန့် သွားလာ ရပြီးနောက် လမ်းခုလတ်တွင်တော့ သဘာဝ ကျောက်တံခါးကြီး ရှိနေပြီး ရာသီချိန်မှ သာ ပွင့်တတ်သည် ဟူ၍ ဒေသခံ လူအများက ပြောပြကြလေသည်။

``ခုည ငါတို့ ငွေတောင်မှာ ပဲ တည်းရအောင်...´´

သက်ထံက ပြောလိုက်သောအခါ ကျန်သည့် လူများ လည်း သဘောတူ လက်ခံ ကြသောကြောင့် သူတို့ ``Royal Silver Beach Hotel ဟိုတည်မှာ အခန်း နှစ်ခန်း ယူ လိုက်လေသည် ။ ထို့နောက်မှာ တော့ ကမ်းခြေမှာ ရေသွားကစား ကြပြီးကာမှ ဟိုတည်သို့ ပြန်လာကာ အိပ်စက် အနားယူရန် အတွက် ပြင်ဆင် လိုက်ကြ လေတော့သည်။

***